ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်း

ပဋိပက္ခစီးပွားရေးနှင့် ဆန်းစစ်ချက်

၂၀၂၆ ခုနှစ် စက်တင်ဘာလ



PROMOTING LEADERSHIP AND
STRENGTHENING CIVIC PARTICIPATION

မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု

၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မြန်မာပြည်ဖွား Think Tank အဖွဲ့ဖြစ်ပါသည်။

'ရှုမ်းပြည်နယ်မြောက်ပိုင်းအတွင်း ပဋိပက္ခစီးပွားရေးနှင့် ဆန်းစစ်ချက်'ကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု (ISP-Myanmar)က ထုတ်ဝေပါသည်။ ISP-Myanmar က လုပ်ဆောင်နေသော သုတေသနနယ်ပယ်နှင့် ဆက်စပ်မှုရှိခြင်းကို အခြေပြုပြီး -

(၁) Tracker
(၂) Situation Brief
(၃) Policy Brief
(၄) Flash Update
(၅) ISP OnPoint
(၆) The State of Myanmar နှင့်
(၇) 'ISP နှင့်အတူ မိနစ် ၃၀' ဆွေးနွေးမှု စသည်တို့ကိုလည်း စဉ်ဆက်မပြတ် ထုတ်ဝေဖြန့်ချိနေပါသည်။ အဆိုပါထုတ်ဝေမှုများကို ISP-Myanmar ဝက်ဘ်ဆိုက်တွင် အခမဲ့ ဝင်ရောက်လေ့လာနိုင်ပါသည်။

မာတိကာ

၁။ တွေ့ရှိချက်အကျဉ်းချုပ် ၄

၂။ သုတေသနဆန်းစစ်ချက်၏ ရည်ရွယ်ချက် ၆

၃။ သုတေသနည်းနာ၊ လူဦးရေနှင့် နယ်မြေအချက်အလက်အကျဉ်း ၈

၄။ တွေ့ရှိချက်များ ၉
- ၄.၁။ အခြေခံအဆောက်အအုံဆိုင်ရာ လေ့လာတွေ့ရှိချက် ၉
- ၄.၂။ ကုန်သွယ်လမ်းကြောင်းဆိုင်ရာ လေ့လာတွေ့ရှိချက် ၁၁
- ၄.၃။ ကုန်သွယ်ရေး၊ အခွန်နှင့် စစ်ဆေးရေးဂိတ်ဆိုင်ရာ လေ့လာတွေ့ရှိချက် ၁၃
- ၄.၄။ သတ္တုတွင်းဆိုင်ရာ လေ့လာတွေ့ရှိချက် ၁၃
- ၄.၅။ အွန်လိုင်းလိမ်လည်မှု ကျားဖြန့်လုပ်ငန်းများ အခြေအနေ ၁၇

၅။ နိဂုံး ၁၉

နောက်ဆက်တွဲ ၂၁

၁

တွေ့ရှိချက်အကျဉ်းချုပ်

၂၀၂၁ ခုနှစ် အာဏာသိမ်းမှုအလွန်မှာ လက်နက်ကိုင်တိုက်ပွဲတွေနဲ့အတူ ပဋိပက္ခစီးပွားရေးကလည်း နိုင်ငံအနှံ့မှာ ကျယ်ပြန့်လာပါတယ်။ ဒီထဲကမှ ကရင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း(ရှမ်းမြောက်)အတွင်းက ပဋိပက္ခစီးပွားရေးအခြေအနေနဲ့ပတ်သက်ပြီး ကနဦးလေ့လာမှုအဖြစ် ISP-Myanmar က သုတေသနပြုလေ့လာနေပါတယ်။ လက်ရှိမှာ ပဋိပက္ခဟာတိုက်ပွဲ (battle) တွေအဆင့်မှာ ဗုံလုံတလှည့် ငါးပျံတလှည့် ဖြစ်နေနိုင်သေးပေမဲ့ စစ်ပွဲ (war) အဆင့်မှာတော့ တဖက်ဖက်က အပြတ်မနိုင်တော့တဲ့၊ ဘယ်သူမှ ယတိပြတ်မရှုံးနိုင်တော့ဘူး (stalemate) ဆိုတဲ့ အခြေဆိုက်သွားပြီလို့ သုံးသပ်နိုင်ပါတယ်။ ဒါကြောင့် ပြဒါးတလမ်းသံတလမ်း သူနိုင်ကိုယ်ရှုံး (zero-sum) အခြေအနေကို ဆက်ပြီးဦးတည်နေမလား၊ ဒါမှမဟုတ် စီးပွားရေးမက်လုံး (ဝါ) အကျိုးအမြတ်တွေကတဆင့် ပဋိပက္ခကိုလျှော့ချဖို့နဲ့ နိုင်ငံရေးအရအဖြေရှာဖို့ဆိုတဲ့ နည်းလမ်းတွေရော ဖြစ်လာတော့မလား စတဲ့ ကနဦးယူဆချက်အပေါ် အခြေခံပြီး ဒီလေ့လာမှုတွေကို လုပ်နေတာပါ။ ရှမ်းမြောက်အခြေအနေကတော့ ကရင်ပြည်နယ်နဲ့ မတူပါဘူး။ တရုတ်နိုင်ငံဟာ ရှမ်းမြောက်ဒေသတွင်းမှာရှိတဲ့ လက်နက်ကိုင်တပ်ဖွဲ့အသီးသီးအပေါ် သူ့ရဲ့ သြဇာလွှမ်းမိုးနိုင်မှုကိုသုံးပြီး နယ်စပ်ဒေသတည်ငြိမ်ဖို့အတွက် မြန်မာစစ်တပ်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs)တွေအကြား အပစ်ရပ်ဖို့ တွန်းအားပေးခဲ့ပါတယ်။ စီးပွားရေးမက်လုံး၊ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုကို အခြေခံတဲ့ ပဋိပက္ခလျှော့ချရေး အစီအစဉ်တခုကိုလည်း စတင်ခဲ့ပါတယ်။

ရှမ်းမြောက်မှာ မြန်မာ-တရုတ်ကုန်သွယ်ရေးအတွက် အဓိကကျတဲ့ နယ်စပ်ဂိတ်တွေ၊ ကုန်သွယ်ရေးစခန်းတွေနဲ့ တရုတ်-မြန်မာ စီးပွားရေးစကြံ့စီမံကိန်းနေရာတွေ စတဲ့ အခြေခံအဆောက်အအုံတွေကို မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA)နဲ့ မဟာမိတ်တပ်တွေက အများဆုံး ထိန်းချုပ်ထားပါတယ်။ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်

ရေးမှာ အရေးပါမှုမြင့်မားတဲ့ လမ်းမကြီးတွေကိုလည်း EAOs တွေက ဆက်လက်ထိန်းချုပ်ထားပါတယ်။ ရှမ်းမြောက်မှာ EAOs အဖွဲ့တွေအကြား အကျိုးအမြတ်ခွဲဝေမှု ထပ်တူကျတဲ့ နေရာကတော့ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်နဲ့ ကျင်စန်းကျောနယ်စပ်ဂိတ် ဖြစ်ပါတယ်။ ဒါတင်မက စီးပွားရေးအရရော၊ တရုတ်နိုင်ငံအတွက်ရော၊ ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက်အတွက်ပါ အရေးပါနေတဲ့ သတ္တုတွင်းတွေကိုလည်း EAOs တွေက ထိန်းချုပ်ထားပါတယ်။ ဒီအခြေအနေမှာ တရုတ်နိုင်ငံက ပါဝင်ပတ်သက်နေတဲ့ ပဋိပက္ခလျှော့ချထိန်းချုပ်ရေးလုပ်ငန်းစဉ်ကပဲ ရှမ်းမြောက်အခင်းအကျင်းကို ပုံဖော်သွားမယ့်အနေအထားဖြစ်ပါတယ်။ MNDAA နဲ့ မြန်မာစစ်တပ်အကြား ကနဦးသဘောတူညီမှုတွေကိုကြည့်ရင် နယ်စပ်ကုန်သွယ်မှုကို ပြန်လည်အသက်သွင်းနိုင်ရေးအပြင် နယ်မြေတည်ငြိမ်ရေးအတွက် အုပ်ချုပ်ရေးနယ်မြေ ခွဲဝေပိုင်းခြားသတ်မှတ်တာ (territorial partitioning) ကိုလည်း မြင်ရပါတယ်။ ဒါဟာ အိမ်နီးချင်းတရုတ်နိုင်ငံက ဖြစ်စေချင်တဲ့ မြန်မာ့အကျပ်အတည်း ဖြေရှင်းရေးပုံစံမျိုးလား၊ ဒါမှမဟုတ် ပဋိပက္ခလျှော့ချရေးပုံစံလားလို့ ယူဆစရာဖြစ်ပါတယ်။ တချို့ EAOs တွေအပေါ် မြန်မာစစ်တပ်ဘက်က အသာစီး အပေးအယူလုပ်နိုင်တဲ့ အခြေအနေတွေလည်း ဖြစ်လာနိုင်ပါတယ်။ နယ်မြေထိန်းချုပ်မှု အပြိုင်အဆိုင်ဖြစ်နေတဲ့ နေရာတွေ၊ သယံဇာတကြောင့် အငြင်းပွားမှုရှိနေတဲ့ နေရာတွေ၊ ပထဝီနိုင်ငံရေးအရ အကျိုးစီးပွားရှိတဲ့ နေရာတွေမှာ EAOs တွေအချင်းချင်းကြား ပဋိပက္ခမီးတောက်လောင်မယ့် အခြေအနေတွေလည်း ရှိနေနိုင်ပါတယ်။

၂

သုတေသနဆန်းစစ်ချက်၏ ရည်ရွယ်ချက်

ရှမ်းမြောက်ဒေသတွင်း ပဋိပက္ခစီးပွားရေးဆိုင်ရာ သုတေသနဆန်းစစ်ချက်ကို လုပ်ဆောင်ရာမှာ နိုင်ငံအတွင်းဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေနဲ့ စပ်လျဉ်းပြီး အဖြေရှာတဲ့အခါ နည်းလမ်းပေါင်းစုံရှိတဲ့အထဲက စီးပွားရေးအကျိုးအမြတ်တွေကတဆင့် ပဋိပက္ခလျှော့ချပြီး နိုင်ငံရေးအရအဖြေရှာနိုင်ဖို့ ဖြစ်နိုင်သလားဆိုတဲ့ ကနဦးယူဆချက်တွေအပေါ် အခြေခံခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ပိုမိုဆိုးရွားလာတဲ့ ပဋိပက္ခအခင်းအကျင်းဟာ ၂၀၂၅ ခုနှစ်မှာတော့ တဖက်ဖက်က အပြတ်မနိုင်တော့တဲ့၊ ဘယ်သူမှ ယတိပြတ်မရှုံးနိုင်တော့ဘူး (stalemate) ဆိုတဲ့အဆင့် ရောက်ခဲ့ပါတယ်။ ဒီအခြေအနေမှာ မြန်မာ့ပဋိပက္ခကိုအဖြေရှာဖို့ နိုင်ငံတကာက ကြိုးပမ်းတဲ့အခါ (၁) နိုင်ငံတကာ လူသားချင်းစာနာမှုအကူအညီတွေကတဆင့် ဆွေးနွေးမှုတွေဖြစ်လာဖို့နဲ့ (၂) တရုတ်နိုင်ငံက ကြိုးပမ်းနေတဲ့ စီးပွားရေးမက်လုံး (၀၂) အကျိုးအမြတ်တွေကတဆင့် ပဋိပက္ခကိုလျှော့ချဖို့ဆိုတဲ့ လမ်းနှစ်သွယ်ဟာ သတိပြုစရာဖြစ်ပါတယ်။ ဒီနေရာမှာ မြန်မာ့ပဋိပက္ခဇာတ်ကောင်တွေအပေါ် သြဇာလွှမ်းမိုးမှုရှိတဲ့ တရုတ်အစိုးရရဲ့ ချဉ်းကပ်ကိုင်တွယ်ပုံတွေမှာ စီးပွားရေးမက်လုံး၊ အကျိုးအမြတ်တွေကတဆင့် ပဋိပက္ခလျှော့ချရေးလုပ်ငန်းစဉ်ကို လုပ်လေ့ရှိတာဟာ လျစ်လျူရှုထားလို့မရတဲ့အခြေအနေ ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းပြည် ဖွတ်ဖွတ်ညက်ညက်ကြေတော့မှ ပြဒါးတလမ်း သံတလမ်း သူနိုင်ကိုယ်ရှုံး (zero-sum) အခြေအနေထက်စာရင် အနိမ့်ဆုံးအဆင့် ပြည်သူလူထုအတွက် ကြာရှည်ထိခိုက်နစ်နာစရာ မဖြစ်အောင် ပြောင်းလဲပေးနိုင်မယ့် အခွင့်အလမ်းတွေကို ဆန်းစစ်လေ့လာဖို့ လိုပါတယ်။ တဖက်မှာလည်း ၁၉၉၀ နဲ့ ၂၀၀၀ ပြည့်လွန်နှစ်တွေမှာ ဖြစ်ခဲ့တဲ့ လက်နက်ကိုင်တွေနဲ့ ခရိုနီလုပ်ငန်းရှင်ကြီးတွေကိုသာ အကျိုးများစေခဲ့တဲ့ အပစ်ရပ်ခရိုနီအရင်းရှင်စနစ် (ceasefire crony capitalism) ရဲ့ ဆိုးကျိုးတွေ ထပ်ပေါ်မလာအောင် သတိပြုရပါမယ်။

ဘယ်လိုပဲဖြစ်ဖြစ် အိမ်နီးချင်းတွေနဲ့ပါ အကျိုးစီးပွားယှက်နွယ်နေတဲ့ နယ်ပယ်တွေထဲက သုံးခုဖြစ်တဲ့ အခြေခံအဆောက်အအုံစီမံကိန်း၊ သယံဇာတထုတ်ယူမှုနဲ့ နယ်စပ်ကုန်သွယ်ရေးဆိုတဲ့ ကဏ္ဍတွေမှာ လူထုအကျိုးဖြစ်ထွန်းစေဖို့ ထိရောက်တဲ့မူဘောင်တွေ ချထားဖို့လိုပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံအတွင်းက အာဏာသိမ်းမှုအလွန် လက်နက်ကိုင်ပဋိပက္ခမှာပါဝင်နေတဲ့ အုပ်စုအသီးသီးရဲ့ ပဋိပက္ခစီးပွားရေးဆိုင်ရာ အကျိုးစီးပွားတွေနဲ့ ဒီအကျိုးစီးပွားတွေက ဘယ်လိုနေရာတွေမှာ ဆုံချက်ကျနေသလဲဆိုတာ ခွဲခြမ်းကြည့်ခဲ့ပါတယ်။



ယခုဆန်းစစ်ချက်ပါ ဒေတာအချက်အလက်တွေကို
အခြေခံဆွေးနွေးထားတဲ့ 'ISP နှင့်အတူ မိနစ် ၃၀'အစီအစဉ် အမှတ်-၁၂ ကို
ISP-Myanmar ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။

၃

သုတေသနနည်းနာ၊ လူဦးရေနှင့် နယ်မြေအချက်အလက်အကျဉ်း

အာဏာသိမ်းမှုအလွန် မြန်မာ့ပဋိပက္ခမှာပါဝင်နေတဲ့ အုပ်စုတွေရဲ့ ပဋိပက္ခစီးပွားရေးအပေါ် အခြေခံတဲ့ အကျိုးစီးပွားနဲ့ အခွင့်အလမ်းတွေကို ခွဲခြမ်းစိတ်ဖြာတဲ့အခါ အရည်အသွေးနဲ့ အရေအတွက်စံပြု သုတေသနနည်းနာတွေ ပေါင်းစပ်ထားတဲ့ ရောနှောသုတေသနနည်းနာကိုအသုံးပြုခဲ့ပါတယ်။ သုတေသနအတွက် အချက်အလက်တွေစုတဲ့နေရာမှာ အများပြည်သူ လွတ်လပ်စွာရယူကြည့်ရှုနိုင်တဲ့ ရင်းမြစ် (open-source) တွေကိုသာ အသုံးပြုထားပါတယ်။ လေ့လာမှုကို ၂၀၂၅ ခုနှစ် ဇွန်လကနေ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း လုပ်ဆောင်ခဲ့ပါတယ်။ အခုသုတေသနမှာ ရှမ်းပြည်နယ်မြောက်ပိုင်းရဲ့မြို့နယ် ၂၄ ခုကို လေ့လာထားပါတယ်။ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ လူဦးရေ သုံးသန်းကျော် ရှိပါတယ်။ ရှမ်း၊ တအာင်း(တအန်းပလောင်)၊ ကချင်၊ ကိုးကန့်၊ ဗမာလူမျိုးတွေ အများစုနေထိုင်ကြပါတယ်။ ဒီမြို့နယ်တွေမှာတော့ မြန်မာစစ်တပ်အပါအဝင် EAOs ခြောက်ဖွဲ့ အခြေစိုက် ထိန်းချုပ်၊ လှုပ်ရှား၊ စိုးမိုးမှုတွေ ရှိနေပါတယ်။ ပြည်သူ့စစ်တွေလည်း လှုပ်ရှားကြပါတယ်။ EAOs အဖွဲ့တွေကတော့ မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA)၊ 'ဝ'ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA)၊ ကချင်လွတ်လပ်ရေးတပ်မတော် (KIA)၊ ရှမ်းပြည်တပ်မတော်(SSPP/SSA)၊ ညီနောင်မဟာမိတ်သုံးဖွဲ့ (3BHA) တို့ ဖြစ်ပါတယ်။

၄

တွေ့ရှိချက်များ

၄.၁။ အခြေခံအဆောက်အအုံဆိုင်ရာ လေ့လာတွေ့ရှိချက်

ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းက မြို့နယ် ၂၄ ခုမှာရှိတဲ့ အခြေခံအဆောက်အအုံ ၄၇၂ ခု ရဲ့ အချက်အလက်တွေကို ISP-Myanmar က လေ့လာခဲ့ပါတယ်။ ဒီအထဲမှာ ၁၃၀ (၂၈ ရာခိုင်နှုန်း)ကို TNLA က အပြည့်အဝ ထိန်းချုပ်ထားပါတယ်။ မြန်မာစစ်တပ်က ၈၃ ခု (၁၈ ရာခိုင်နှုန်း)နဲ့ MNDAA က ၆၀ (၁၃ ရာခိုင်နှုန်း)ကို ထိန်းချုပ်ထားပါတယ်။ မြန်မာစစ်တပ်အပါအဝင် MNDAA၊ TNLA၊ KIA၊ UWSA၊ SSPP/SSA စတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအကြား ထိန်းချုပ်နိုင်ဖို့ အားပြိုင်နေတဲ့ အခြေခံအဆောက်အအုံ ၇၄ ခု (၁၆ ရာခိုင်နှုန်း) ရှိပါတယ်။ [ISP ဒေတာအချက်အလက် ၆၀/၂၀၂၆ (ISP-DM2026-060) ကို ရှုပါ]။ မြန်မာစစ်တပ်အပါအဝင် MNDAA၊ SSPP၊ UWSA၊ 3BHA စတဲ့ လက်နက်ကိုင်အဖွဲ့တွေအကြား တရားဝင်မဟုတ်ပေမဲ့ နားလည်မှုဆန်တဲ့သဘောမျိုးနဲ့ (ညှိနှိုင်း/မျဉ်း) ထိန်းချုပ်ထားတဲ့ အခြေခံအဆောက်အအုံ ၇၄ ခု (၁၆ ရာခိုင်နှုန်း) ရှိပါတယ်။ အခြေခံအဆောက်အအုံ ၄၇၂ ခုထဲက ၄၇ ခုဟာ အရေးပါမှု မြင့်မားပါတယ်။[၁] ဒီအထဲမှာ မြန်မာ-တရုတ်နယ်စပ်ဂိတ်တွေအပြင် ကုန်သွယ်ရေးလမ်းကြောင်းနဲ့ ချိတ်ဆက်နေတဲ့ လမ်းပိုင်းတွေပါဝင်ပါတယ်။ 'အရေးပါမှုမြင့်မား'တဲ့ အခြေခံအဆောက်အအုံတွေအထဲမှာ MNDAA က ၁၂ ခု (၂၆ ရာခိုင်နှုန်း)၊ မြန်မာစစ်တပ်က ရှစ်ခု (၁၇ ရာခိုင်နှုန်း)၊ UWSA က ငါးခု (၁၁ ရာခိုင်နှုန်း)၊ 3BHA က သုံးခု (၆ ရာခိုင်နှုန်း)နဲ့ TNLA က နှစ်ခု (၄ ရာခိုင်နှုန်း) အသီးသီး အပြည့်အဝထိန်းချုပ်ထားပါတယ် [ISP ဒေတာအချက်အလက် ၆၁/၂၀၂၆ (ISP-DM2026-061)ကိုရှုပါ]။

---

၁ ယခုလေ့လာဆန်းစစ်မှုတွင် ဖော်ပြထားသော လမ်း၊ တံတား၊ ဓာတ်အားပေးစက်ရုံ၊ နယ်စပ်ကုန်သွယ်ရေးစခန်း စသည့် အခြေခံအဆောက်အအုံများ၊ ကုန်သွယ်ရေးလမ်းကြောင်းများ၊ အခွန်ဂိတ်များနှင့် သတ္တုတွင်းများ၏ အရေးပါမှုအဆင့်သတ်မှတ်ပုံနည်းနာကို **နောက်ဆက်တွဲ** တွင် ဖော်ပြထားပါသည်။

ISP-MYANMAR • ISP-DM2026-060

ရှမ်းမြောက်ရှိ အခြေခံအဆောက်အအုံများကို TNLA က အများဆုံးထိန်းချုပ်ထား

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မြန်မာစစ်တပ်အပါအဝင် လက်နက်ကိုင်တပ်ဖွဲ့များ ထိန်းချုပ်ထားသော လမ်း၊ တံတားနှင့် နယ်စပ်ကုန်သွယ်ရေးစခန်း စသည့် အခြေခံအဆောက်အအုံပေါင်း ၄၇၂ ခုရှိသည်။ ထိုအထဲမှ ၁၃၀ (၂၈ ရာခိုင်နှုန်း) ကို တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) က ထိန်းချုပ်ထားသည်။ မြန်မာစစ်တပ်က အခြေခံအဆောက်အအုံ ၈၃ ခု (၁၈ ရာခိုင်နှုန်း) ကို ထိန်းချုပ်ထားသည်။



ISP-MYANMAR • ISP-DM2026-061

အရေးပါသော အခြေခံအဆောက်အအုံ ၂၆ ရာခိုင်နှုန်းကို MNDAA ထိန်းချုပ်ထား

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တည်နေရာ၊ စီးပွားရေးနှင့် လုံခြုံရေးအရ အရေးပါမှုမြင့်မားသော အခြေခံအဆောက်အအုံ ၄၇ ခုရှိသည်။ ထိုအထဲမှ ၁၂ ခု (၂၆ ရာခိုင်နှုန်း) ကို မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) က အပြည့်အဝထိန်းချုပ်ထားသည်။ ၁၀ ခု (၂၁ ရာခိုင်နှုန်း) ကို ထိန်းချုပ်နိုင်ရန် မြန်မာစစ်တပ်အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) များအကြား အားပြိုင်နေကြသည်။



ဒေတာအချက်အလက်-၂၀၂၆ ခုနှစ် မတ် ၁၈ ရက်အထိ။ ISP-Myanmar ၏ သုတေသနပြုလေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်ပြီး အများပြည်သူ လွတ်လပ်စွာ ရယူကြည့်ရှုနိုင်သောရင်းမြစ်များ (open-source) ကိုသာ အသုံးပြုထားသည်။ ဒေတာရရှိမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

တရုတ်ကုမ္ပဏီတွေ အကောင်အထည်ဖော်နေတဲ့ စက်ရုံတွေကို မြန်မာစစ်တပ်က ထိန်းချုပ်ထားနိုင်ပေမဲ့ တရုတ်နိုင်ငံအတွက်ရော ကုန်သွယ်ရေးအတွက်ပါ မဟာဗျူဟာကျပြီး အကျိုးစီးပွားတွေအများဆုံးရှိတဲ့ အဆောက်အအုံတွေ၊ စီမံကိန်းနေရာတွေ၊ လမ်းပိုင်းတွေကတော့ EAOs တွေရဲ့ ထိန်းချုပ်မှုအောက်မှာပဲ ရှိနေတာကိုတွေ့ရပါတယ်။ KIA နဲ့ SSPP/SSA တို့ဟာ အရေးပါမှုမြင့်မားတဲ့ အခြေခံအဆောက်အအုံတခုကိုမှ ထိန်းချုပ်မထားနိုင်တာကတော့ ထူးခြားချက်ဖြစ်ပါတယ်။

၄.၂။ ကုန်သွယ်ရေးလမ်းကြောင်းဆိုင်ရာ လေ့လာတွေ့ရှိချက်

ရှမ်းမြောက်မှာ မြန်မာ-တရုတ်ကုန်သွယ်ရေးအတွက် ပင်မလမ်းကြောင်းနှစ်ခုရှိပြီး မန္တလေး-လားရှိုး-မူဆယ်နဲ့ သိန်ဒို-ကွမ်းလုံ-ချင်းရွှေဟော်တို့ဖြစ်ပါတယ်။ 'စစ်ဆင်ရေး ၁၀၂၇'အလွန် ပဋိပက္ခတွေကြောင့် အစားထိုးလမ်းကြောင်းတွေ ပေါ်လာပါတယ်။ လားရှိုး-သီပေါ-နမ့်လန်-တောင်ကြီးလမ်းနဲ့ လားရှိုး-သီပေါ-နောင်ချို-ရပ်စောက်-ရွှေညောင်-တောင်ကြီးလမ်းက တဆင့် ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ တောင်ပိုင်းကို ချိတ်ဆက်ပေးတဲ့ အစားထိုးလမ်းကြောင်းတွေဖြစ်ပါတယ်။ ပင်မလမ်းကြောင်းနှစ်ခုဟာ 'အရေးပါမှုမြင့်မား'တဲ့အထဲ ပါဝင်ပါတယ်။ အစားထိုးပြောင်းလဲအသုံးပြုတဲ့ လမ်းကြောင်းနှစ်ခုကတော့ 'အရေးပါမှု အလယ်အလတ်' အဆင့် ရှိပါတယ်။

ပင်မလမ်းကြောင်းနှစ်ခုအတွင်းမှာ အရေးပါမှုမြင့်မားတဲ့ လမ်းပိုင်း ၁၃ ခု ရှိပါတယ်။ မန္တလေး-လားရှိုး-မူဆယ်လမ်းကြောင်းမှာရှိတဲ့ နောင်ချို-ကျောက်မဲ၊ ကျောက်မဲ-သီပေါနဲ့ သီပေါ-လားရှိုး လမ်းပိုင်းသုံးခုကို မြန်မာစစ်တပ်က အပြည့်အဝထိန်းချုပ်ထားပါတယ်။ လားရှိုး-သိန်ဒို၊ သိန်ဒို-ကွတ်ခိုင်၊ သိန်ဒို-ချင်းရွှေဟော်လမ်းကြောင်း (သိန်ဒို-နမ့်စလပ်၊ နမ့်စလပ်-ကွမ်းလုံ) အပါအဝင် လမ်းပိုင်းခြောက်ခုကိုတော့ MNDAAက အပြည့်အဝ ထိန်းချုပ်ထားပါတယ်။ ကျန်တဲ့ လမ်းပိုင်းတွေကို MNDAA၊ TNLA၊ KIA နဲ့ 3BHA တို့က နားလည်မှုသဘောဆန်တဲ့ပုံစံမျိုးနဲ့ ညှိနှိုင်းမျှဝေ ထိန်းချုပ်ထားပါတယ် [ISP ညွှန်းပြမြေပုံ ၂၆/၂၀၂၆ (ISP-M2026-026)ကိုရှု ပါ]။ ဒါကိုကြည့်ခြင်းအားဖြင့် မြန်မာ-တရုတ် ကုန်သွယ်ရေးမှာ အရေးပါမှုမြင့်မားတဲ့ လမ်းပိုင်းအရေအတွက် အများဆုံးကို MNDAA က ထိန်းချုပ်ထားပါတယ်။ ရှမ်းမြောက် စီးပွားရေး၊ ကုန်သွယ်ရေးအတွက် အဓိကကျတဲ့ သိန်ဒိုမြို့နဲ့ ကွတ်ခိုင်မြို့ကို ထိန်းချုပ်ထားနိုင်တာကလည်း MNDAA အတွက် အားသာချက်ဖြစ်နေပါတယ်။

မြန်မာ-တရုတ် ကုန်သွယ်ရေးလမ်းကြောင်းများကို လက်နက်ကိုင်တပ်ပေါင်းစုံ ထိန်းချုပ်ထား

မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးတွင် အဓိကကျသည့် မန္တလေး-လားရှိုး-မူဆယ် လမ်းကြောင်းကို မြန်မာစစ်တပ် အပါအဝင် မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA)၊ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် ညီနောင်မဟာမိတ်သုံးဖွဲ့ (3BHA) တို့က ထိန်းချုပ်ထားပြီး သိန်ဆီ-ချင်းရွှေဟော်လမ်းကြောင်းကို MNDAA က ထိန်းချုပ်ထားသည်။ 'စစ်ဆင်ရေး ၁၀၂၇'နောက်ပိုင်းတွင် နမ့်လန်-တောင်ကြီးနှင့် နောင်ချို-ရပ်စောက်-ရွှေညောင်လမ်းပိုင်းများကို ရှမ်းမြောက်နှင့်ချိတ်ဆက်သည့် အစားထိုးလမ်းကြောင်းများအဖြစ် အသုံးပြုနေသည်။



ဒေတာအချက်အလက်-၂၀၂၆ ခုနှစ် ဧပြီ ၇ ရက်အထိ။ ISP-Myanmar ၏ သုတေသနပြုလေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်ပြီး အများပြည်သူ လွတ်လပ်စွာ ရယူကြည့်ရှုနိုင်သောရင်းမြစ်များ (open-source) ကိုသာ အသုံးပြုထားသည်။ ဒေတာရရှိမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

၄.၃။ ကုန်သွယ်ရေး၊ အခွန်နှင့် စစ်ဆေးရေးဂိတ်ဆိုင်ရာ လေ့လာတွေ့ရှိချက်

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပေါ်မှာ နယ်စပ်ကုန်သွယ်ရေးဂိတ်၊ အခွန်ဂိတ်နဲ့ စစ်ဆေးရေးဂိတ်စတဲ့ ဂိတ်ပေါင်း ၄၀ ထက်မနည်းရှိနေပါတယ်။ အဓိကလမ်းကြောင်းဖြစ်တဲ့ မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်မှာ ဂိတ်တွေ အများဆုံးပါပဲ။ ဂိတ်အလိုက် ထိန်းချုပ်နိုင်မှုကိုကြည့်ရင် မြန်မာ-တရုတ် ပင်မကုန်သွယ်ရေးလမ်းကြောင်းဖြစ်တဲ့ မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်က ဂိတ်တွေကို MNDAA နဲ့ မြန်မာစစ်တပ်က အများဆုံး ထိန်းချုပ်ထားပါတယ်။ လမ်းပိုင်းအရ ထိန်းချုပ်နိုင်မှုကိုကြည့်ရင် မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတလျှောက် မန္တလေးကနေ နောင်ချို-ကျောက်မဲ-သီပေါ-လားရှိုး လမ်းကြောင်းပေါ်မှာရှိတဲ့ ဂိတ်တွေကို မြန်မာစစ်တပ်က ထိန်းချုပ်ထားပါတယ်။ သီပေါ-လားရှိုးလမ်းပိုင်းမှာတော့ မြန်မာစစ်တပ်နဲ့ MNDAA ဂိတ်တွေရှိပါတယ်။ မြန်မာစစ်တပ်ဟာ သီပေါနဲ့ လားရှိုးမြို့ကို ပြန်ယူထားပေမဲ့ မြို့ဧရိယာတွေကိုပဲ ထိန်းချုပ်ထားနိုင်ပါတယ်။ လားရှိုးကနေ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်အထိ လမ်းပိုင်းမှာတော့ MNDAA ဂိတ်တွေ ရှိပါတယ်။ ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်ကိုတော့ 3BHA က ထိန်းချုပ်ထားပါတယ်။ သိန္နီ-ချင်းရွှေဟော်လမ်းကြောင်းတခုလုံးကိုလည်း MNDAA က ထိန်းချုပ်ထားပြီး အခွန်ကောက်ခံပါတယ် [ISP ညွှန်းပြမြေပုံ ၂၇/ ၂၀၂၆ (ISP-M2026-027)ကိုရှုပါ]။

ရှမ်းမြောက်က ပင်မကုန်သွယ်ရေးလမ်းကြောင်းမဟုတ်တဲ့ အစားထိုးလမ်းကြောင်းတွေအပြင် ရှမ်းမြောက်ကနေ ရှမ်းတောင်ကိုဖြတ်သန်းပြီး ပြောင်းလဲအသုံးပြုနေတဲ့ အစားထိုးလမ်းကြောင်းတွေမှာလည်း လက်နက်ကိုင်ပေါင်းစုံ ထိန်းချုပ်ထားတဲ့ဂိတ်တွေ ရှိပါတယ်။ မန္တလေး-ရွာငံ-ကျေးသီး-လားရှိုး လမ်းကြောင်းပေါ်က လားရှိုး-မိုင်းရယ်၊ လားရှိုး-တန့်ယန်း လမ်းပိုင်းတွေမှာ MNDAA နဲ့ မြန်မာစစ်တပ်က အခွန်ကောက်တဲ့ပုံစံမျိုး ဂိတ်တွေဖွင့်ထားပါတယ်။ ဒီလမ်းကြောင်းတွေဟာ မန္တလေးနဲ့ တောင်ကြီးကို ချိတ်ဆက်သွားလာနိုင်ဖို့အတွက် ပြောင်းလဲအသုံးပြုနေကြတဲ့ အစားထိုးလမ်းတွေဖြစ်ပါတယ်။ လမ်းကြောင်းတွေမှာရှိတဲ့ ဂိတ်အရေအတွက် အတိအကျသိနိုင်ဖို့ ဒေတာအကန့်အသတ် ရှိပါတယ်။

၄.၄။ သတ္တုတွင်းဆိုင်ရာ လေ့လာတွေ့ရှိချက်

ရှမ်းပြည်နယ်မြောက်ပိုင်းမှာ သတ္တုတွင်းလုပ်ကွက်ပေါင်း ၃၁ ခုထက်မနည်း တွေ့ရပါတယ်။ ဒီအထဲက လုပ်ကွက် ၂၆ ခုကို ပြည်တွင်းကုမ္ပဏီတွေက တူးဖော်ခွင့်ရထားတာပါ။ ကျန်တဲ့ လုပ်ကွက်ငါးခုကို ဘယ်ကုမ္ပဏီတွေ တူးဖော်နေတယ်ဆိုတာ မသိရပါဘူး။ လုပ်ကွက် ၃၁ ခုထဲက ၂၄ ခုမှာ တူးဖော်မှုတွေ ဆက်လုပ်နေပါတယ်။ ကျန်လုပ်ကွက်တွေရဲ့ တူးဖော်မှု ▸

မြန်မာ-တရုတ် ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် ဂိတ်ပေါင်း ၄၀ ထက်မနည်းရှိ

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် နယ်စပ်ကုန်သွယ်ရေးဂိတ်၊ အခွန်ဂိတ်နှင့် စစ်ဆေးရေးဂိတ် စသော **ဂိတ်ပေါင်း ၄၀ ထက်မနည်း**ရှိပါသည်။ အဓိက လမ်းကြောင်းတခုဖြစ်သော မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းပေါ်တွင် ဂိတ်အများဆုံး ရှိနေသည်။ ဂိတ်အလိုက်ထိန်းချုပ်မှုကိုကြည့်ပါက မြန်မာအမျိုးသားဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA) နှင့် မြန်မာစစ်တပ်က အများဆုံးထိန်းချုပ်ထားသည်ကို တွေ့ရပါသည်။



ဒေတာအချက်အလက်-၂၀၂၆ ခုနှစ် ဧပြီ ၇ ရက်အထိ။ ISP-Myanmar ၏ သုတေသနပြုလေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်ပြီး အများပြည်သူ လွတ်လပ်စွာ ရယူကြည့်ရှုနိုင်သောရင်းမြစ်များ (open-source) ကိုသာ အသုံးပြုထားသည်။ ဒေတာရရှိမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

အခြေအနေကိုတော့ မသိရသေးပါဘူး။ လုပ်ကွက်တွေထဲမှာ ကျောက်မီးသွေးတွင်းက အများဆုံးဖြစ်ပြီး ခဲက ဒုတိယဖြစ်ပါတယ်။ ရွှေတွင်းတွေကို တတိယအများဆုံးအဖြစ် တွေ့ရပါတယ်။ သီပေါမြို့နယ်မှာ သတ္တုတူးဖော်နေတဲ့ လုပ်ကွက်ပေါင်း ခုနစ်ခုထက်မနည်းရှိပြီး မြို့နယ်အလိုက် အများဆုံးပါပဲ။ ဒီအထဲက လုပ်ကွက်ငါးခုမှာ ကျောက်မီးသွေးထွက်ပြီး ကျန်တဲ့နှစ်ခုမှာ ဂေါဒန်ကျောက် ထွက်ပါတယ်။

သတ္တုတွင်းလုပ်ကွက်တွေကို ဘယ်သူတွေ ထိန်းချုပ်ထားသလဲဆိုတာ လေ့လာကြည့်တဲ့အခါ မြန်မာစစ်တပ်က အများဆုံးပါပဲ။ လုပ်ကွက် ၃၁ ခုထဲက ၁၀ ခု (၃၂ ရာခိုင်နှုန်း)ကို အပြည့်အဝထိန်းချုပ်ထားပါတယ်။ အဲဒီလုပ်ကွက်တွေဟာ တန့်ယန်း၊ နောင်ချို၊ သီပေါနဲ့ လားရှိုးမြို့နယ်တွေထဲမှာရှိပါတယ်။ ကျောက်မီးသွေး၊ ထုံးကျောက်၊ ခဲ၊ ဂေါဒန်ကျောက်နဲ့ ငွေသတ္တုတွေကို တူးဖော်နေကြပါတယ်။ တန့်ယန်းမြို့နယ်ထဲမှာ ကျောက်မီးသွေး တူးဖော်နေတဲ့ လုပ်ကွက် လေးခုထက်မနည်းကိုလည်း မြန်မာစစ်တပ်က ထိန်းချုပ်ထားပါတယ်။ အဲဒီနေရာမှာ UWSA တပ်တွေလည်း လှုပ်ရှားနေကြပါတယ်။ လုပ်ကွက် ၃၁ ခုထဲက ကိုးခု (၂၉ ရာခိုင်နှုန်း)ကို TNLA က အပြည့်အဝ ထိန်းချုပ်ထားပါတယ် [ISP ညွှန်းပြမြေပုံ ၂၈/၂၀၂၆ (ISP- M2026-028)ကိုရှုပါ]။ TNLA ထိန်းချုပ်ထားတဲ့ လုပ်ကွက်တွေကနေ ခဲ၊ ငွေ၊ ရွှေ၊ ဆီလီကွန်ကျောက်၊ စကျင်ကျောက်၊ သွပ်၊ ကြေးနီ၊ သလင်းကျောက်၊ ကျောက်မီးသွေးနဲ့ နဝရတ်ကျောက်တွေ ထွက်ရှိပါတယ်။ ဒီလုပ်ကွက်တွေဟာ နမ္မတူ၊ ကျောက်မဲ၊ နမ့်ခမ်းနဲ့ မန်တုံမြို့နယ်တွေထဲမှာ ရှိပါတယ်။ TNLA ထိန်းချုပ်ထားတဲ့ ဘော်ဟိုကျန့်သတ္တုတွင်းနေရာမှာ KIA တပ်တွေလည်း လှုပ်ရှားလေ့ရှိပါတယ်။ ဒါကြောင့်ပဲ ၂၀၂၄ ခုနှစ်အတွင်းမှာ သတ္တုတူးဖော်ရေးနဲ့ပတ်သက်တဲ့ အငြင်းပွားမှုတွေ ဖြစ်ခဲ့ပါသေးတယ်။

လုပ်ကွက် ၃၁ ခုထဲက ရှစ်ခု (၂၆ ရာခိုင်နှုန်းနီးပါး)ကိုတော့ MNDAA က အပြည့်အဝထိန်းချုပ်ထားပါတယ်။ သူတို့ထိန်းချုပ်ထားတဲ့ လုပ်ကွက်အများစုဟာ သီပေါမြို့နယ်၊ နမ္မကျေးရွာအုပ်စုထဲမှာရှိပါတယ်။ ကျောက်မီးသွေးလုပ်ကွက်တွေလို့ ပြောနိုင်ပါတယ်။ အဲဒီနေရာမှာ SSPP/SSA တပ်ဖွဲ့တွေလည်း လှုပ်ရှားနေပါတယ်။ ၂၀၂၅ ခုနှစ် နှစ်ဆန်းပိုင်းတုန်းက ကျောက်မီးသွေးတွင်း ထိန်းချုပ်ရေးနဲ့ပတ်သက်ပြီး MNDAA နဲ့ SSPP/SSA တို့အကြားတိုက်ပွဲတွေ ဖြစ်ခဲ့ပါတယ်။ အခုအချိန်မှာတော့ အဲဒီနေရာကို MNDAA က ဆက်ပြီးထိန်းချုပ်ထားပါတယ်။ ထွက်ရှိတဲ့ ကျောက်မီးသွေးတွေကို သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော်လမ်းကြောင်း အတိုင်းသယ်ပြီး တရုတ်နိုင်ငံဘက်ကို တင်ပို့ပါတယ်။ လုပ်ကွက် ၃၁ ခုထဲမှာ 'အရေးပါမှုအဆင့်မြင့်မား'တာနဲ့ 'အလယ်အလတ်အဆင့်အရေးပါ'တဲ့ လုပ်ကွက်ပေါင်း ၁၅ ခုတွေ့ရပါတယ်။ 'အရေးပါမှုအဆင့်မြင့်မား'တဲ့ လုပ်ကွက်နှစ်ခုထဲက နမ္မတူသတ္တုတွင်းကို TNLA က ထိန်းချုပ်ထားပြီး မိုင်းမောသတ္တုတွင်းကို UWSA က ထိန်းချုပ်ထားပါတယ်။

ရှမ်းမြောက်ရှိ သတ္တုတွင်းလုပ်ကွက် ၂၁ ခုကို EAOs များ ထိန်းချုပ်ထား

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ခဲ၊ ငွေ၊ ကျောက်မီးသွေးနှင့် ရွှေအပါအဝင် သယံဇာတ သတ္တုတွင်းထွက်ပေါင်း **၁၂ မျိုး** **ထက်မနည်း**ရှိပြီး သတ္တုတွင်းလုပ်ကွက် **၃၁ ခုထက်မနည်း** ရှိသည်။ ၎င်းတို့အနက် လုပ်ကွက် **၁၀ ခု**ကို မြန်မာစစ်တပ်က ထိန်းချုပ်ထားသည်။ ကျန် **၂၁ ခု**ကို EAOs များက အသီးသီးထိန်းချုပ်ထားသည်။ ၎င်းတို့အနက် လုပ်ကွက် **ကိုးခု**ကို TNLA က ထိန်းချုပ်ထားပြီး MNDAA က **ရှစ်ခု**ကို ထိန်းချုပ်ထားသည်။ KIA ထိန်းချုပ်ထားသည့် သတ္တုတွင်းလုပ်ကွက် **သုံးခု** ရှိပြီး ကျန်**တစ်ခု**ကို UWSA က ထိန်းချုပ်ထားသည်။



ဒေတာအချက်အလက်-၂၀၂၆ ခုနှစ် ဧပြီ ၇ ရက်အထိ။ ISP-Myanmar ၏ သုတေသနပြုလေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်ပြီး အများပြည်သူ လွတ်လပ်စွာ ရယူကြည့်ရှုနိုင်သောရင်းမြစ်များ (open-source) ကိုသာ အသုံးပြုထားသည်။ ဒေတာရရှိမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

မိုင်းမောသတ္တုတွင်းဟာ ကမ္ဘာ့သံဖြူထုတ်လုပ်တဲ့ အကြီးဆုံးသတ္တုတွင်းတွေထဲက တခုဖြစ်ပါတယ်။ နှစ်စဉ် ကမ္ဘာ့သံဖြူကုန်ကြမ်းထုတ်လုပ်မှုရဲ့ ၁၁ ရာခိုင်နှုန်းနီးပါးဟာ မြန်မာနိုင်ငံကနေ ထွက်တာဖြစ်ပါတယ်။ ဒီအထဲက ပမာဏအများစုကို မိုင်းမောသတ္တုတွင်းက ထုတ်လုပ်ပေးနေပါတယ်။ ဒါကြောင့် စီးပွားရေးအရအရေးပါမှု၊ အိမ်နီးချင်း တရုတ်နိုင်ငံအတွက် အရေးပါတဲ့ အရင်းအမြစ်ဖြစ်မှုနဲ့ ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက်အတွက် အရေးပါမှု စတဲ့ သုံးချက်စလုံးနဲ့ကိုက်ညီတဲ့ သတ္တုတွင်းတွေကို UWSA နဲ့ TNLA က ထိန်းချုပ်ထားနိုင်တယ်လို့ ဆိုရမှာပါ။ အလယ်အလတ်အဆင့်အရေးပါတဲ့ သတ္တုတွင်းခြောက်ခုကိုတော့ MNDAA က အပြည့်အဝထိန်းချုပ်ထားပြီး TNLA နဲ့ KIA က သုံးခုစီနဲ့ ကျန်တခုကို မြန်မာစစ်တပ်က ထိန်းချုပ်ထားပါတယ်။

၄.၅။ အွန်လိုင်းလိမ်လည်မှု ကျားဖြန့်လုပ်ငန်းများ အခြေအနေ

၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှာ 3BHA က 'စစ်ဆင်ရေး ၁၀၂၇'ကို ပူးပေါင်းတပ်တွေနဲ့အတူ ဆင်နွှဲခဲ့ပါတယ်။ စစ်ဆင်ရေးအကြောင်း သူတို့ရဲ့ကြေညာချက်ကိုကြည့်ရင် ကျားဖြန့်အွန်လိုင်းလောင်းကစားလိမ်လည်မှုတွေ ပပျောက်ဖို့၊ ကိုယ့်ဒေသကို အခုထက် ပိုထိန်းချုပ်နိုင်ဖို့နဲ့ မြန်မာပြည်သူတရပ်လုံးရဲ့ လိုလားချက်ဖြစ်တဲ့ စစ်အာဏာရှင်အမြစ်ပြတ်ရေး စတာတွေအတွက် ရည်ရွယ်ကြောင်း တွေ့ရပါတယ်။ ဒီစစ်ဆင်ရေးကြောင့် မြန်မာစစ်တပ်ဟာ အရှက်တကွဲ စစ်ရေးရှုံးနိမ့်မှုကို ရင်ဆိုင်ခဲ့ရပါတယ်။ နယ်မြေဆုံးရှုံးမှုတွေလည်း ဖြစ်ခဲ့ပါတယ်။ 3BHA ရဲ့ ထိန်းချုပ်နယ်မြေတွေ ပိုကျယ်ပြန့်ခဲ့ပါတယ်။ နောက်ပိုင်းမှာ တရုတ်နိုင်ငံရဲ့ကြားဝင်မှုနဲ့အတူ အပစ်ရပ်ရေးဖြစ်ခဲ့ပါတယ်။ လားရှိုးနဲ့ မိုးကုတ်လိုမြို့တွေကိုလည်း မြန်မာစစ်တပ် ပြန်ရခဲ့ပါတယ်။ 'စစ်ဆင်ရေး ၁၀၂၇' ပြီးသွားပြီလို့ ဆိုနိုင်ပေမဲ့ မူလရည်ရွယ်ချက်တွေအတိုင်း မဖြစ်ခဲ့တာတွေလည်း ရှိပါတယ်။ ကျားဖြန့်အွန်လိုင်းလောင်းကစားတွေလည်း ပပျောက်သွားတာ မရှိပါဘူး။ ကိုးကန့်ဒေသနဲ့ 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာရှိခဲ့တဲ့ ကျားဖြန့်လုပ်ငန်းတွေဟာ 'စစ်ဆင်ရေး ၁၀၂၇'အလွန်မှာ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်းကို ရွှေ့ပြောင်းပျံနှံ့သွားပါတယ်။ ဥပမာအားဖြင့် တန့်ယန်း၊ လဲချားနဲ့ တာချီလိတ်မြို့နယ်တွေမှာ ကျားဖြန့်လုပ်ငန်းတွေကို အများဆုံးတွေ့ရပြီး မြန်မာစစ်တပ် ထိန်းချုပ်ထားတဲ့ မူဆယ်မြို့မှာလည်း ကျားဖြန့်လုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့်လုပ်နေကြပါတယ်။ အများပြည်သူ လွတ်လပ်စွာရယူကြည့်ရှုနိုင်တဲ့ရင်းမြစ် (open-source) တွေကနေသိရတဲ့ ဒေတာအချက်အလက်တွေအရ ရှမ်းပြည်နယ်အတွင်းက မြို့နယ် ၁၇ ခုထက်မနည်းမှာ ကျားဖြန့်လုပ်ငန်းတွေရှိနေတာတွေ့ရပါတယ်။ ဒီဒေသတွေမှာ ကျားဖြန့်လုပ်ငန်း ၂၅ ခုထက်မနည်းဟာ လက်ရှိမှာ ဆက်လက်လည်ပတ်နေပါတယ် [ISP ညွှန်းပြမြေပုံ ၂၉/၂၀၂၆ (ISP-M2026-029)ကိုရှုပါ]။

ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းသို့ ကျားဖြန့်လုပ်ငန်းများ ရွှေ့ပြောင်းလာ

ကိုးကန့်ဒေသနှင့် ‘၀’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင်ရှိခဲ့သော ကျားဖြန့်လုပ်ငန်းများသည် ‘စစ်ဆင်ရေး ၁၀၂၇’ အလွန်တွင် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းသို့ ရွှေ့ပြောင်းလာကြသည်။ တန့်ယန်း၊ လဲချား၊ တာချီလိတ်နှင့် မူဆယ် မြို့နယ်များတွင် ကျားဖြန့်လုပ်ငန်းများကို အများဆုံးတွေ့ရသည်။



ဒေတာအချက်အလက် - ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်ကနေ ၂၀၂၆ ခုနှစ် ဧပြီ ၇ ရက်အထိ။ ISP-Myanmar ၏ သုတေသနပြုလေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်ပြီး အများပြည်သူ လွတ်လပ်စွာ ရယူကြည့်ရှုနိုင်သောရင်းမြစ်များ (open-source) ကိုသာ အသုံးပြုထားသည်။ ဒေတာရရှိမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

၅

နိဒါန်း

ရှမ်းပြည်နယ်မြောက်ပိုင်းမှာ စီးပွားရေးမက်လုံးအခြေပြုတဲ့ ပဋိပက္ခလျှော့ချရေးလုပ်ငန်းစဉ်ဟာ အတိုင်းအတာတခုအထိ ခရီးရောက်နေပြီလို့ ယူဆနိုင်ပါတယ်။ မြန်မာ့အကျပ်အတည်းကိုင်တွယ်ရေးအတွက် တရုတ်နိုင်ငံက (၁) ပဋိပက္ခအရှိန်လျှော့ချရေး (၂) ရွေးကောက်ပွဲကတဆင့် တိုက်ရိုက်စစ်အုပ်ချုပ်ရေးကို အဆုံးသတ်ရေးနဲ့ (၃) ရွေးကောက်ပွဲအလွန်မှာ တရုတ်နိုင်ငံက ကမကထလုပ်ပြီး ကြားဝင်ဖျန်ဖြေပေးဖို့ ကြိုးစားမယ်ဆိုတဲ့ သုံးပွင့်တခိုင် မဟာဗျူဟာလုပ်ငန်းစဉ်အတိုင်း လုပ်ဆောင်နေပါတယ်။ မြန်မာစစ်အစိုးရဟာ တရားဝင်မှုအရစိန်ခေါ်ချက်တွေရှိနေသလို စေ့စပ်ညှိနှိုင်းရေးအတွက် ယုံကြည်စိတ်ချရမှုနဲ့ လုပ်ဆောင်နိုင်စွမ်းအပိုင်းမှာလည်း အားနည်းချက်တွေ ရှိနေပါတယ်။ ဒီအခြေအနေတွေကြောင့်ပဲ ရှမ်းမြောက်ဒေသအတွင်း ပဋိပက္ခလျှော့ချရေးကိစ္စရပ်မှာ တရုတ်နိုင်ငံရဲ့ အာဏာစက်ထက်မှုနဲ့ ကြားဝင်မှုက မရှိမဖြစ်လိုအပ်တဲ့ပုံစံမျိုး ဖြစ်နေပါတယ်။

၁၉၉၀ ပြည့်နှစ် အစောပိုင်းနဲ့ နှောင်းပိုင်းတွေမှာ ဖြစ်ခဲ့တဲ့ အပစ်ရပ်ခရိုနီအရင်းရှင်စနစ် (ceasefire crony capitalism) ရဲ့ အမွေဆိုးတွေကို ရှမ်းမြောက်ဒေသတွင်းမှာ နေထိုင်နေကြတဲ့ ပြည်သူတွေသာမက မြန်မာတနိုင်ငံလုံးမှာ နေထိုင်နေကြသူတွေ ကြုံဖူးကြပါတယ်။ အဲဒီလိုမျိုး အဆိုးသံသရာ ပြန်မဖြစ်စေဖို့နဲ့ နယ်မြေထိန်းချုပ်မှု၊ သယံဇာတ၊ အိမ်နီးချင်းအကျိုးစီးပွားအပေါ်မူတည်တဲ့ လူမျိုးစုပဋိပက္ခတွေကို ရှောင်ရှားနိုင်ဖို့ ဒါမှမဟုတ် တတ်နိုင်သမျှ နည်းအောင်လုပ်နိုင်ဖို့ သတိချပ်သင့်ပါတယ်။ ဒါမှသာ ရေရှည်မှာ စီးပွားရေးအကျိုးအမြတ်ရပြီး လူထုအကျိုးရှိစေတဲ့ ဒေသဖွံ့ဖြိုးရေးတွေ လုပ်နိုင်မှာပါ။

ရှမ်းမြောက်မှာဖြစ်နေတဲ့ ပဋိပက္ခတွေ လျှော့ချရေးနဲ့ ရပ်တန့်နိုင်ရေးအတွက် တရုတ်နိုင်ငံရဲ့ ကြားဝင်ကြိုးပမ်းမှုတွေဟာ အတိုင်းအတာတခုအထိ ခရီးပေါက်နေပါပြီ။ ဒီအထဲမှာ စီးပွား ▸

ရေးမက်လုံးကိုအခြေခံပြီး အကျိုးစီးပွားယှက်နွယ်တဲ့ အားထုတ်မှုတွေလည်း ပါဝင်ပါတယ်။ ဒါကို ငြိမ်းချမ်းရေးအတွက် အပြုသဘောဆောင်တဲ့ အခွင့်အလမ်းတွေအဖြစ် ပြောင်းလဲ အသုံးချနိုင်ဖို့ အာရုံစိုက်သင့်ပါတယ်။

ရှေ့လာမယ့်ကာလမှာ ပဋိပက္ခဇာတ်ကောင်တွေအကြား နယ်စပ်ကုန်သွယ်ရေးလမ်းတွေနဲ့ အခြေခံအဆောက်အအုံတွေကို ပူးတွဲစီမံခန့်ခွဲတဲ့ပုံစံမျိုး ကျင့်သုံးပြီး စစ်ရေးအရထိတွေ့မှု လျှော့ချတဲ့နည်းလမ်းတွေလည်း ရှိလာနိုင်ပါတယ်။ သယံဇာတနဲ့ သတ္တုတူးဖော်ရေးတွေဟာ ပဋိပက္ခကို ကြီးထွားစေတဲ့ လောင်စာအဖြစ်ကနေ ဒေသခံတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေမယ့် စနစ်တကျအုပ်ချုပ်မှုပုံစံဘက် (conflict-sensitive resource governance) ကို ကူးပြောင်းနိုင်ရင် အကောင်းဆုံးပါပဲ။ ရလာတဲ့ အကျိုးအမြတ်တွေကို ပဋိပက္ခဇာတ်ကောင်တွေအတွက်သာမကပဲ ဒေသခံတွေရဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းတွေမှာ ဟန်ပြမဟုတ်ဘဲ ထိထိရောက်ရောက် အသုံးပြုခြင်းအားဖြင့် ကာလရှည်ကြာ ခံစားနေကြရတဲ့ မညီမျှမှုနဲ့ မကျေနပ်ချက်တွေကို လျှော့ချပေးနိုင်တဲ့ အားထုတ်မှုလည်း ဖြစ်စေနိုင်ပါတယ်။

စီးပွားရေးမက်လုံးတွေဟာ နိုင်ငံရေးအရအဖြေရှာမှုနဲ့ ကင်းကွာနေရင် ရေရှည်တည်တံ့ဖို့ ခက်ခဲနိုင်ပါတယ်။ ဒါကြောင့် စီးပွားရေးအရပူးပေါင်းဆောင်ရွက်မှုတွေကို လုပ်တဲ့အခါ ဖက်ဒရယ်စနစ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အခြေခံတဲ့ အားထုတ်မှုတွေနဲ့ ဟန်ချက်ညီညီ ချိတ်ဆက်နိုင်ရင် ကောင်းပါလိမ့်မယ်။ ဒါ့အပြင် ဒေသခံလူထုနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေရဲ့ စောင့်ကြည့်မှု၊ တာဝန်ခံမှုတွေကို မြှင့်တင်ပေးမှုပဲ ရှုမ်းမြောက်ဒေသတွင်းမှာ စစ်တလင်းကနေ ငြိမ်းချမ်းသာယာဖွံ့ဖြိုးတဲ့ ရပ်ဝန်းဆီ ကူးပြောင်းနိုင်ခြေရှိမှာ ဖြစ်ပါတယ်။ ■

လေ့လာဆန်းစစ်မှုတွင် ပါဝင်သော လမ်း၊ တံတား၊ နယ်စပ်ကုန်သွယ်ရေးစခန်း၊ ဓာတ်အားပေးစက်ရုံ စသည်ဖြင့် အခြေခံအဆောက်အအုံများ၊ ကုန်သွယ်ရေးလမ်းကြောင်းများနှင့် အခွန်ဂိတ်များ၏ အရေးပါမှုအဆင့်ကို ခွဲခြားသတ်မှတ်ရာ၌ စံနှုန်းသုံးရပ်အပေါ် အခြေခံခဲ့ပါသည်။ ထိုသုံးရပ်မှာ (၁) တည်နေရာ၊ (၂) စီးပွားရေးနှင့် (၃) လုံခြုံရေးအရ အရေးပါမှု ရှိ၊ မရှိ တို့ဖြစ်ပါသည်။

တည်နေရာ၏အရေးပါမှုကို သတ်မှတ်ရာတွင် တရုတ်-မြန်မာစီးပွားရေးစင်္ကြံအပါအဝင် အခြား ဒေသတွင်းပေါင်းစည်းရေး အစီအမံများနှင့် ချိတ်ဆက်နေမှု၊ သယ်ယူပို့ဆောင်ရေးအတွက် အရေးပါမှု၊ နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ချိတ်ဆက်နေမှု စသော အချက်အလက်များအပေါ် အခြေခံပါသည်။ စီးပွားရေး၏အရေးပါမှုကို သတ်မှတ်ရာတွင် ဒေသနှင့် နိုင်ငံအဆင့်အထိ စီးပွားရေးအရ အထောက်အပံ့ဖြစ်မှု၊ လက်နက်ကိုင်အဖွဲ့များအတွက် ငွေကြေးအရင်းအမြစ်ဖြစ်မှု စသည်တို့ကို အခြေခံပါသည်။ လုံခြုံရေး၏အရေးပါမှုအတွက်ကိုမူ စစ်ဆင်ရေးနှင့် စစ်ရေးအတွက် အထောက်အပံ့ဖြစ်မှုအခြေအနေအပေါ် အခြေခံပါသည်။ သတ္တုတွင်းများကို လေ့လာရာ၌ စီးပွားရေးအရအရေးပါမှု၊ အိမ်နီးချင်းနိုင်ငံများ (တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံ)အတွက် အရေးပါမှုနှင့် ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက်အတွက် အရေးပါမှု စသော စံနှုန်းသုံးရပ်အပေါ် အခြေခံ၍ အရေးပါမှုအဆင့်ကို ခွဲခြားသတ်မှတ်ပါသည်။ စံနှုန်းတခုချင်းစီတိုင်းကို တိုင်းတာနိုင်မည့် ညွှန်းကိန်းများကိုလည်း အသေးစိတ် ပြုစုထားပါသည်။ တိုင်းတာသည့်အခါ ကိန်းဂဏာန်းအခြေပြု အမှတ်ပေးခြင်းနည်းနာနှင့် အကြောင်းအရာအခြေပြု အမှတ်ပေးနည်းနာတို့ကို ပေါင်းစပ်အသုံးပြုထားသည်။

နယ်မြေထိန်းချုပ်မှုအခြေအနေ သတ်မှတ်ပုံနည်းနာ

လေ့လာဆန်းစစ်မှုတွင် ပါဝင်သော ထိန်းချုပ်နယ်မြေအခြေအနေများကို ပိုင်းခြားရာတွင် အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ထားပါသည်။

အပြည့်အဝထိန်းချုပ်ခြင်း (Full Control)

လက်နက်ကိုင်အဖွဲ့တခု (သို့) ထိုလက်နက်ကိုင်အဖွဲ့၏ အဓိန့်ပေးကွပ်ကဲမှုအောက်တွင်ရှိနေသော အခြားလက်နက်ကိုင်အဖွဲ့တခုက အပြည့်အဝထိန်းချုပ်ထားသည့် အခြေအနေကို ဆိုလိုသည်။

ထိန်းချုပ်နိုင်ရန် အားပြိုင်နေခြင်း (Contested Control)

လက်နက်ကိုင်အဖွဲ့တခုခုက အပြည့်အဝထိန်းချုပ်ထားခြင်းမရှိသေးဘဲ ထိန်းချုပ်နိုင်ရန် လက်နက်ကိုင်အဖွဲ့များအကြား အားပြိုင်ကြိုးပမ်းနေသည့် အခြေအနေကို ဆိုလိုသည်။

ညှိနှိုင်း/မျဉ်းထိန်းချုပ်ခြင်း (Shared/Negotiated Control)

လက်နက်ကိုင်အဖွဲ့များအကြား တရားဝင်သဘောမဟုတ်ဘဲ ညှိနှိုင်းထိန်းချုပ်ထားသော အခြေအနေကို ဆိုလိုသည်။

+၉၅ ၈၀၇ ၇၄၇ ၉၇၁၂

info@ISPMyanmar.com | www.ISPMyanmar.com